ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၅ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ကျင့်ဝတ်များနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂- ၄ |
| ၂။ | စင်ကာပူနိုင်ငံတွင် ငွေကြေးလိမ်လည်မှု ကာကွယ်တားဆီးရန် ဘဏ်အကောင့်(ငွေစာရင်း)ကို ထိန်းချုပ်(freeze)ခွင့်ပြုသည့်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခြင်း။ | ၅-၆ |
| ၃။ | ထိုင်ဝမ်တွင် လူ့အခွင့်အရေးအဖွဲ့များက အကြမ်းဖက်မှုကျူးလွန်သူများအတွက် ခံဝန်ဖြင့် လွှတ်ထားခွင့်ပယ်ဖျက်သည့် ဥပဒေမူကြမ်းကို ကန့်ကွက်ခြင်း။ | ၇-၈ |
| ၄။ | New York Time မှ Perplexity AI အပေါ် မူပိုင်ခွင့်ဖောက်ဖျက်မှုဖြင့် တရားစွဲဆိုခြင်း။ | ၉-၁၀ |
| ၅။ | စင်ကာပူနိုင်ငံတွင် Etomidate ခေါ် ထိန်းချုပ်ဆေးဝါးပါဝင်သည့် Kpod Vape အား လက်ဝယ်တွေ့ရှိရသည့် မြန်မာဆယ်ကျော်သက်(၁)ဦး နေထိုင်ခွင့် ရုပ်သိမ်းခံရခြင်း။ | ၁၁- ၁၃ |

## ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ကျင့်ဝတ်များနှင့်စပ်လျဉ်း၍ သိကောင်းစရာ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ကျင့်ဝတ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာတွင်ပါရှိသော ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အချုပ်အခြာအာဏာကိုလည်းကောင်း၊ နိုင်ငံသားများ၏မူလအခွင့်အရေးများနှင့်တာဝန်များကိုလည်းကောင်း လေးစားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဥပဒေများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမည်ဖြစ်ကြောင်း၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရှင်းရမည်ဖြစ်ကြောင်း၊ ဘက်လိုက်မှုမရှိစေရန် စောင့်ထိန်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအား ထောက်ခံအားပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်း၊ မဲဆွယ်စည်းရုံးခြင်းပြုရာ ရောက်သည့်အပြောအဆို၊ အပြုအမူမပြုရကြောင်း၊ ထိုသို့အဓိပ္ပာယ်သက်ရောက်စေမည့် အဝတ်အစား၊ သင်္ကေတ၊ အမှတ်တံဆိပ်စသည်တို့ကိုလည်း ဝတ်ဆင်ခြင်း၊ ကိုင်ဆောင်ခြင်းမပြုရ၊ လျှို့ဝှက်ဆန္ဒမဲ ပေးမှုစနစ်ကိုထိန်းသိမ်းသောအားဖြင့် ဆန္ဒမဲပေးပြီးသောမဲဆန္ဒရှင်တစ်ဦးအား မဲရုံပရိဝုဏ်မှ ၁၅ ကိုက်အတွင်း မည်သူ့ကိုမဲပေးခဲ့ကြောင်း မေးမြန်းခြင်းမပြုရကြောင်း၊ ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလေးစားရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက ထုတ်ပေးထားသည့်သက်သေခံကတ်ပြားများကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနေစဉ်အတွင်း ချိတ်ဆွဲထားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းများဆောင်ရွက်နေစဉ် အတွင်း လက်နက်များ၊ ပေါက်ကွဲစေသောပစ္စည်းများ ယူဆောင်ခြင်းမပြုရကြောင်း၊ ရွေးကောက်ပွဲ

စီမံခန့်ခွဲသူများနှင့် မဲဆန္ဒရှင်များ၏တာဝန်နှင့်ရပိုင်ခွင့်ကို လွှမ်းမိုးသက်ရောက်စေသောလှုံ့ဆော်မှုများကိုမပြုလုပ်ရကြောင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်များထုတ်ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ ဝင်ရောက်စွက်ဖက်ခြင်းမပြုရကြောင်း၊ မိမိတို့၏တာဝန်ကိုစေတနာပြည့်ဝစွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစီရင်ခံစာများကို မှန်ကန်ရိုးသားစွာတင်ပြရမည်ဖြစ်ကြောင်း၊ အခြားရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကိုအလေးထားပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း၊ မဲရုံအတွင်းတွင် လျှို့ဝှက်ဆန္ဒမဲပေးမှုစနစ်ကို မထိခိုက်စေရန်အတွက် မဲရုံမှူး၏တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သဘောထားအမြင်များကိုထုတ်ပြန်ရာတွင် ၎င်းတို့၏ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များက လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ မိမိတို့၏အဖွဲ့ဝင်များအားလိုက်နာရန် ကျင့်ဝတ်စည်းကမ်းများ၊ ရွေးကောက်ပွဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ လျှို့ဝှက်လုံခြုံစွာ မဲပေးနိုင်ရေးများကို သိရှိနားလည်ရေးအတွက် ပညာပေးခြင်း၊ သင်တန်းပို့ချပေးခြင်းများပြုလုပ်ပေးရန် တာဝန်ရှိပါသည်။

ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏တာဝန်ခံများနှင့် ကြီးကြပ်သူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အခါအားလျော်စွာပြုလုပ်သောညွှန်ကြားချက်များနှင့် သတင်းအချက်အလက်များရှင်းလင်းတင်ပြသည့်အခမ်းအနားများသို့တက်ရောက်ရန်လည်း တာဝန်ရှိမည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၅ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်

ထုတ်ပြန်သည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ကျင့်ဝတ်များကို လေးစားလိုက်နာပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် https://www.uec.gov.mm

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၅ )　　　　၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်

## စင်ကာပူနိုင်ငံတွင် ငွေကြေးလိမ်လည်မှု ကာကွယ်တားဆီးရန် ဘဏ်အကောင့် (ငွေစာရင်း)ကို ထိန်းချုပ် (freeze)ခွင့်ပြုသည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခြင်း

ယခုအခါ စင်ကာပူနိုင်ငံတွင် ဘဏ်ဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့် ငွေကြေးလိမ်လည်ခြင်း ခံရသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်ပါက ယင်းတို့၏ငွေစာရင်း (bank account) ကို စင်ကာပူရဲအရာရှိများက ထိန်းချုပ်ရန် အခွင့်အာဏာရှိလာကြောင်း သိရှိရသည်။

ငွေကြေးလိမ်လည်မှုများမှ အကာအကွယ်ပေးရေးအက်ဥပဒေအာဏာတည်သည့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ ရဲအရာရှိများသည် ဘဏ်ဝန်ဆောင်မှုအသုံးပြုသူတစ်ဦးချင်းစီ၏ငွေစာရင်းများမှ ဘဏ်ငွေလွှဲကိစ္စ(banking transactions)များကိုကန့်သတ်ရန် ဘဏ်များထံသို့ ကန့်သတ်မိန့်များ (ROs) ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံထုတ်သတင်းစာ The Straits Times က ဖော်ပြခဲ့ပါသည်။

အဆိုပါကန့်သတ်မိန့်များ(ROs)သည် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ အထိ သက်ရောက်မည်ဖြစ်ပြီး ၅ ကြိမ်အထိ သက်တမ်းတိုးနိုင်သဖြင့် စုစုပေါင်း ၆ လ အထိ ဆက်လက်သက်ရောက်နိုင်သည်။

ဇန်နဝါရီလ ၇ ရက်နေ့၌ ပါလီမန်တွင်ပြဋ္ဌာန်းခဲ့သည့် အဆိုပါအက်ဥပဒေသည် ငွေကြေးလိမ်လည်ခြင်းခံရသူများကို အကျိုးရှိရှိအကာအကွယ်ပေးနိုင်ရန်အတွက် ငွေကြေးလိမ်လည်ခြင်းခံရသူ၏ဘဏ်စာရင်းမှ အခြားဘဏ်စာရင်းများသို့ငွေလွှဲခြင်း၊ ATMs အသုံးပြုခြင်းနှင့် credits ဝန်ဆောင်မှုများရယူအသုံးပြုခြင်းအပေါ်တားဆီးရန် ရဲအရာရှိများအား အခွင့်အာဏာပေးအပ်ထားသည့်ဥပဒေတစ်ရပ်ဖြစ်သည်။ ကိုယ်တိုင် (in-person) နှင့် ကိုယ်စား(over-the-counter) ငွေလွှဲခြင်းများကိုလည်း တားဆီးနိုင်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် စင်ကာပူနိုင်ငံရှိ ငွေကြေးလိမ်လည်ခြင်းခံရသူ (scam victims) များသည် တစ်နှစ်လျှင် အများဆုံး အမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံဆုံးရှုံးခဲ့ရသည်။ ယခင်နှစ်ကဖြစ်ပွားခဲ့သည့် ငွေကြေးလိမ်လည်မှုပေါင်း ၄၆၅၆၃ မှုနှင့်နှိုင်းယှဉ်၍ရဲအရာရှိများကလည်း ငွေကြေးလိမ်လည်မှု

အရေအတွက် အမြင့်ဆုံးမှတ်တမ်းများနှင့် အမှုတွဲအရေအတွက် ၅၁၅၀၁မှုကို စစ်ဆေးခဲ့သည်။ အမှု ၄ မှု အနက် ၃ မှုတွင် ငွေကြေးလိမ်လည်ခြင်းခံရသူများသည် ၎င်းတို့၏ငွေစာရင်းများကို ငွေကြေး လိမ်လည်သူများက တိုက်ရိုက်ထိန်းချုပ်ထားခြင်းမရှိဘဲ ၎င်းတို့၏ဆန္ဒအလျောက်ငွေလွှဲပေးခဲ့ကြကြောင်း တွေ့ရှိရပါသည်။ အချုပ်အားဖြင့် စင်ကာပူနိုင်ငံရှိ ငွေကြေးလိမ်လည်ခြင်းခံရသူများသည် ၂၀၁၉ ခုနှစ် မှစ၍ အမေရိကန်ဒေါ်လာ ၃.၄ ဘီလီယံအထက် ဆုံးရှုံးလျက်ရှိကြောင်း သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://en.vietnamplus.vn/singapore-enacts-law-allowing-bank-account-freezes-to-prevent-scams-post321949.vnp

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၅ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်

## ထိုင်ဝမ်တွင် လူ့အခွင့်အရေးအဖွဲ့များက အကြမ်းဖက်မှုကျူးလွန်သူများအတွက် ခံဝန်ဖြင့်လွှတ်ထားခွင့်ပယ်ဖျက်သည့်ဥပဒေမူကြမ်းကို ကန့်ကွက်ခြင်း

ထိုင်ဝမ်ရှိလူ့အခွင့်အရေးအဖွဲ့များသည် လူသတ်မှု၊ လူသတ်ရန်ကြံစည်မှု သို့မဟုတ် ကလေးသူငယ်အလွဲသုံးစားပြုမှုဖြင့် ပြစ်ဒဏ်ကျခံရသူများအတွက်ခံဝန်ဖြင့်လွှတ်ထားခွင့်ကို ဖယ်ရှားပေးမည့် ဥပဒေမူကြမ်းကိုကန့်ကွက်သည့်အသနားခံစာတစ်စောင်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့သည်။ အဆိုပါအသနားခံစာကို ရှေ့နေများနှင့်ဥပဒေပါမောက္ခများစွာမှ ထောက်ခံခဲ့ပါသည်။

ထိုင်ဝမ်တရားရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဥပဒေမူကြမ်းကိုအဆိုပြုခဲ့သည်။ ယင်းဥပဒေမူကြမ်းတွင် လူသတ်မှု၊ လူသတ်ရန်ကြံစည်မှု သို့မဟုတ် ကလေးသူငယ်အလွဲသုံးစားပြုမှုဖြင့်သေဆုံးသည်အထိပြစ်ဒဏ်ချမှတ်ခံရပြီး ထောင်ဒဏ် ၁၀ နှစ်ကျော် သို့မဟုတ် တစ်သက်တစ်ကျွန်းချမှတ်ခံရသူများသည် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၇၇ အရ ခံဝန်ဖြင့် လွှတ်ထားခြင်းအတွက် အရည်အချင်းပြည့်မီလိမ့်မည်မဟုတ်ကြောင်း ပါရှိပါသည်။

၂၀၂၃ ခုနှစ်တွင် ကလေးထိန်းနှစ်ဦးမှ ကလေးသူငယ်အလွဲသုံးစားမှုဖြစ်ပွားခဲ့ပြီး တစ်နှစ်သား အရွယ်ကလေးတစ်ဦးသေဆုံးခဲ့သည့် “Kai-Kai” အမှုပြီးနောက် အဆိုပါဥပဒေမူကြမ်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ယင်းအမှုသည် လူထု၏ဒေါသကိုနှိုးဆွပေးခဲ့ပြီး ၂၀၂၅ ခုနှစ် မတ်လ နှင့် မေလတို့၌ တိုင်ပေတွင်ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး ဆန္ဒပြသူများသည် ကလေးများကိုအန္တရာယ်ဖြစ်စေသောရာဇဝတ်မှုများအပေါ် ပိုမိုပြစ်ဒဏ်ပေးရေးမူဝါဒများချမှတ်ရန် တောင်းဆိုခဲ့ကြောင်း သိရှိရပါသည်။

လူ့အခွင့်အရေးအဖွဲ့များက ခံဝန်ဖြင့်လွှတ်ထားခွင့်မပေးဘဲ တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်ခြင်းသည် လူမဆန်သောဆက်ဆံမှုဖြစ်သည်ဟု ငြင်းခုံခဲ့ကြသည်။ တရားသူကြီး Yue Bo Xiang ကလည်း

ခံဝန်ဖြင့်လွှတ်ထားခွင့်မပေးဘဲ တစ်သက်တစ်ကျွန်းထောင်ဒဏ်ချမှတ်ခြင်းသည် လူတစ်ဦး၏နိုင်ငံသား ဖြစ်မှုကိုလုံးဝငြင်းပယ်ခြင်းနှင့် လူ့အဖွဲ့အစည်းမှ အပြီးအပိုင်ဖယ်ကြဉ်ခြင်းဖြစ်သည်ဟု ထောက်ပြခဲ့သည်။

လူ့အခွင့်အရေးအဖွဲ့များ၏ပူးတွဲကြေငြာချက်များတွင် ခံဝန်ဖြင့်လွှတ်ထားခွင့်မရှိဘဲ တစ်သက်တာ ပြစ်ဒဏ်များသည် အကျဉ်းထောင်စနစ်အတွက် ပြင်းထန်သောအန္တရာယ်ဖြစ်စေကြောင်း ပါရှိသည်။ အကျဉ်းထောင်များတွင် လူဦးရေထူထပ်လာခြင်းကြောင့် အကျဉ်းသားနှင့် ဝန်ထမ်းအချိုး မညီမျှမှုကို ဖြစ်ပေါ်စေပြီး စီမံခန့်ခွဲမှုတွင် အခက်အခဲများဖြစ်ပေါ်စေကြောင်းလည်းပါရှိသည်။ အဆိုပါဥပဒေ မူကြမ်းသည် ထိုင်ဝမ်တရားရေးဝန်ကြီးဌာနနှင့် လူ့အခွင့်အရေးအဖွဲ့များကြားတွင် သဘောထား ကွဲလွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

[https://www.jurist.org/news/2025/12/taiwan-dispatch-human-rights-groups-oppose-draft-legislation-eliminating-parole-for-violent-offenders/](https://www.jurist.org/news/2025/12/taiwan-dispatch-human-rights-groups-oppose-draft-legislation-eliminating-parole-for-violent-offenders/)

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၅ )                ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်

## New York Time မှ Perplexity AI  အပေါ် မူပိုင်ခွင့်ဖောက်ဖျက်မှုဖြင့် တရားစွဲဆိုခြင်း

New York Times က Perplexity AI ကုမ္ပဏီသည် သတင်းစာအဖွဲ့အစည်း၏ဆောင်းပါးများနှင့် သတင်းများကို ခွင့်ပြုချက်မရှိဘဲ တရားမဝင်ကူးယူခြင်း၊ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်နေသည်ဟု စွပ်စွဲချက်ဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ရှိ ခရိုင်တရားရုံး၌ တရားစွဲဆိုခဲ့သည်။

သတင်းစာအဖွဲ့အစည်းက Perplexity သည် ၎င်း၏ဝက်ဘ်ဆိုက်မှရှာဖွေမှုများပြုလုပ်သည့်အခါ သတင်းစာအဖွဲ့အစည်း၏အကြောင်းအရာများ၊ အသုံးအနှုန်းများကိုယူ၍ တုံ့ပြန်မှုများပြုလုပ်လျက် ရှိကြောင်း ပြောဆိုခဲ့ပါသည်။ Perplexity သည် သတင်း၊ ယဉ်ကျေးမှု၊ စီးပွားရေးကဏ္ဍ၊ အစားအစာ ချက်ပြုတ်ခြင်း၊ ဂိမ်းကစားခြင်းနှင့်အားကစားကဏ္ဍများအတွက် ထင်မြင်ယူဆချက်၊ သတင်းတင်ပြချက်နှင့်အကြံပြုချက်များစသဖြင့် ကဏ္ဍပေါင်းစုံဖော်ပြထားသည့် Times ၏ဆန်းသစ်ပြီးထူးခြားသော မူရင်းစာမူများအတွက် သတ်မှတ်ထားသည့် ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာအကာအကွယ်ပေးမှုများကို ချိုးဖောက်ကြောင်း လျှောက်ထားခဲ့သည်။

New York Times ၏စွဲဆိုမှုတွင် Perplexity AI ကုမ္ပဏီသည် New York Times ၏ အကြောင်းအရာများကို တရားမဝင်ကူးယူခြင်း၊ဖြန့်ဝေခြင်းဖြင့် ၎င်း၏စီးပွားရေးလုပ်ငန်းကို တည်ထောင်ထားခြင်းဖြစ်ရာ Perplexity သည် ဖန်တီးရှင်များ၏ ဖန်တီးမှုလက်ရာများကို ပြန်လည်ထုတ်လုပ်ရန်၊ ဖြန့်ဝေရန်နှင့် ပြသရန် သီးသန့်အခွင့်အရေးများပေးအပ်၍ ဥပဒေအရ အကာအကွယ်ပေးထားသည့် အမေရိကန်နိုင်ငံမူပိုင်ခွင့်အက်ဥပဒေကို ချိုးဖောက်နေသည်ဟု လျှောက်ထားဖော်ပြထားသည်။ ထိုသို့ ကုမ္ပဏီ၏ဥပဒေနှင့်မညီသောလုပ်ဆောင်ချက်သည် အသိပညာနှင့်ပြည့်ဝသော နိုင်ငံသားများ နှင့် ခိုင်မာသောဒီမိုကရေစီစနစ်တို့အတွက် ပံ့ပိုးပေးနေသည့် လွတ်လပ်သောစာနယ်ဇင်းသမားများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏စွမ်းဆောင်ရည်များကို အဟန့်အတားဖြစ်စေသည်ဟု လျှောက်ထားဖော်ပြ ထားသည်။

The New York Times မှ ထိုသို့ လျှောက်ထားရာတွင် Perplexity အနေဖြင့် ၎င်း၏ မှားယွင်းဆောင်ရွက်ချက်များအပေါ် တာဝန်ယူစေလိုသဖြင့် ယခုအမှုကို တရားစွဲဆိုခြင်းဖြစ်ကြောင်း ဖော်ပြထားပြီး Perplexity AI ကုမ္ပဏီ၏ ဆောင်ရွက်ချက်များအပေါ် ရုံးတင်စစ်ဆေးခြင်း၊ နစ်နာကြေးပေးစေခြင်းနှင့် တားမြစ်ခြင်းတို့ ဆောင်ရွက်ပေးစေလိုကြောင်း လျှောက်ထားခဲ့ပါသည်။

လက်ရှိအခြေအနေတွင် မူပိုင်ခွင့်ရရှိထားသော အကြောင်းအရာများကိုခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ AI ကုမ္ပဏီများအပေါ် တရားစွဲမှုများ များပြားလာပြီး နိုင်ငံတော်အဆင့်တွင် ဖြေရှင်းနိုင်ခြင်းမရှိသေးသည့် ဥပဒေရေးရာပြဿနာတစ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://www.jurist.org/news/2025/12/new-york-times-sues-perplexity-ai-over-copyright-infringement/
- https://www.medianama.com/2025/12/223-new-york-times-perplexity-ai-copyright-infringement-false-attribution/

## စင်ကာပူနိုင်ငံတွင် Etomidate ခေါ် ထိန်းချုပ်ဆေးဝါးပါဝင်သည့် Kpod (Vape) အား လက်ဝယ်တွေ့ရှိရသည့် မြန်မာဆယ်ကျော်သက်(၁)ဦး နေထိုင်ခွင့် ရုပ်သိမ်းခံရခြင်း

စင်ကာပူနိုင်ငံတွင် ကာလရှည်နေထိုင်ခွင့်ဖြင့် နေထိုင်လျက်ရှိသည့် အသက် ၁၅ နှစ်အရွယ် ဆယ်ကျော်သက်မြန်မာအမျိုးသမီး(၁)ဦးသည် လွန်ခဲ့သည့် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် စင်ကာပူရဲ များမှစစ်ဆေးရာတွင် မူးယစ်ဆေးဝါးပါဝင်သည့် Vape သောက်သုံးသည့်ကိရိယာအား လက်ဝယ် တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးသိပ္ပံအာဏာပိုင်အဖွဲ့အစည်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ၈.၁၂.၂၀၂၅ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

လေ့လာမှုများအရ Vape သောက်သုံးခြင်းသည် ကျန်းမာရေးအား သိသာဆိုးဝါးစွာထိခိုက်နိုင် ကြောင်းတွေ့ရှိရသည့်အတွက် စင်ကာပူအစိုးရက တားမြစ်ပိတ်ပင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် အခြေအနေများပိုမိုဆိုးဝါးခဲ့ပြီး Vape သောက်သုံးမှုတွင် Etomidate ကဲ့သို့သော အန္တရာယ်ရှိသည့်ထိန်းချုပ်ဆေးဝါးများ အသုံးပြုလာကြကြောင်း တွေ့ရှိခဲ့သည်။ ၁၉၇၃ ခုနှစ် ဆေးဝါး အလွဲသုံးစားပြုလုပ်ရေးအက်ဥပဒေအရ Etomidate အား C အဆင့်ထိန်းချုပ်ဆေးဝါးအဖြစ် အမျိုးအစား သတ်မှတ်ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစတင်၍ ပြစ်မှုကျူးလွန်သူများအနေဖြင့် ပိုမို ပြင်းထန်သည့်ပြစ်ဒဏ်များကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

E-Vape သောက်သုံးလက်ဝယ်ထားသူများအနေဖြင့် ပထမအကြိမ်ကျူးလွန်ခြင်းဖြစ်ကြောင်း တွေ့ရှိရလျှင် အသက် ၁၈ နှစ်အောက်ဖြစ်ပါက ငွေဒဏ်စင်ကာပူဒေါ်လာ ၅၀၀ အားလည်းကောင်း၊ အရွယ်ရောက်ပြီးသူဖြစ်ပါက ငွေဒဏ်စင်ကာပူဒေါ်လာ ၇၀၀ အားလည်းကောင်း ချမှတ်ခံရမည်ဖြစ် ကြောင်း၊ ဒုတိယအကြိမ်ကျူးလွန်ခြင်းဖြစ်ကြောင်းတွေ့ရှိရပါက Tobacco (Control of Advertisements and Sale) Act အရ ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် (၃)လ တက်ရောက်ရမည်ဖြစ်ကြောင်း၊ တတိယအကြိမ်နှင့်ထပ်မံကျူးလွန်ခြင်းများဖြစ်ကြောင်း တွေ့ရှိရပါက တရားစွဲဆိုခြင်းခံရမည်ဖြစ်ပြီး ငွေဒဏ်စင်ကာပူဒေါ်လာ ၂၀၀၀ အထိ ကျခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်ကို တွေ့ရှိရပါသည်။

အကယ်၍ E-Vape သောက်သုံးလက်ဝယ်ထားသူများအနေဖြင့် Etomidate ထိန်းချုပ်ဆေးဝါးအား E-Vape တွင် သုံးစွဲလက်ဝယ်ထားကြောင်း တွေ့ရှိရပြီး ပထမအကြိမ်ကျူးလွန်ခြင်းဖြစ်ကြောင်း တွေ့ရှိရလျှက် အသက် ၁၈ နှစ်အောက်ဖြစ်ပါက ငွေဒဏ်စင်ကာပူဒေါ်လာ ၅၀၀ နှင့် အရွယ်ရောက်ပြီးသူဖြစ်ပါက ငွေဒဏ်စင်ကာပူဒေါ်လာ ၇၀၀ အား ချမှတ်ခံရမည်ဖြစ်သည့်အပြင် ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် (၆)လ တက်ရောက်ရမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် ကျူးလွန်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါက Misuse of Drugs Act အရ ဖမ်းဆီးခြင်းခံရမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်နှင့် ဆေးစစ်ဆေးမှုပါဝင်သည့်မပျက်မကွက်ကြီးကြပ်စီမံမှုအောက်တွင်(၆)လ တက်ရောက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးအစီအစဉ်ပြီးမြောက်အောင် တက်ရောက်နိုင်ခြင်းမရှိပါကလည်း တရားစွဲဆိုခံရမည်ဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူသည် အသက် ၁၆ နှစ်နှင့် အထက်ဖြစ်ပြီး တတိယအကြိမ်နှင့် ထပ်မံကျူးလွန်ခြင်းများဖြစ်ကြောင်းတွေ့ရှိရပါက မူးယစ်ဆေးဝါးပြန်လည်ထူထောင်ရေးစင်တာတွင် ဆေးဝါးကုသမှုခံယူရန် ပို့ဆောင်ထိန်းသိမ်းခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

စင်ကာပူနိုင်ငံတွင်နေထိုင်သည့် သို့မဟုတ် စင်ကာပူနိုင်ငံသို့ အလည်အပတ်လာရောက်သည့် နိုင်ငံခြားသားများအနေဖြင့် စင်ကာပူနိုင်ငံ၏ဥပဒေများအားလိုက်နာရန်လိုအပ်ကြောင်း၊ E-Vapeအား သုံးစွဲလက်ဝယ်ထားသည်ကိုတွေ့ရှိပါက သိမ်းဆည်းခံရမည်ဖြစ်ပြီး အသိပေးအကြောင်းကြားစာ ထုတ်ပြန်ခြင်းခံရမည်ဖြစ်ကြောင်း၊ ထပ်မံကျူးလွန်ပါကလည်း ကာလတိုလာရောက်နေထိုင်ခွင့်ရရှိသူဖြစ်ပါက တားမြစ်ခံရမည်ဖြစ်သည့်အပြင် စင်ကာပူနိုင်ငံအတွင်းသို့ နောက်တစ်ကြိမ်ဝင်ရောက်ရန် တားမြစ်ခံရခြင်းစသည့် ပြင်းထန်သော အကျိုးဆက်များရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ အလုပ်/ကျောင်းသား/မှီခိုစသည့်ခွင့်ပြုချက်များဖြင့် ကာလရှည်နေထိုင်နေသူများအနေဖြင့် ကျူးလွန်ခြင်းဖြစ်ပါက နေထိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်ဖြစ်ပြီး စင်ကာပူနိုင်ငံအတွင်းသို့ နောက်တစ်ကြိမ်ဝင်ရောက်ရန် တားမြစ်ခြင်းခံရမည်ဖြစ်ကြောင်း၊ အကယ်၍ E-Vape သောက်သုံးလက်ဝယ်ထားသူ နိုင်ငံခြားသားများအနေဖြင့် Etomidate ထိန်းချုပ်ဆေးဝါးအား E-Vape တွင် သုံးစွဲလက်ဝယ်ထားကြောင်းတွေ့ရှိရပါက အလားတူ

နေထိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်ဖြစ်ပြီး စင်ကာပူနိုင်ငံအတွင်းသို့ နောက်တစ်ကြိမ်ဝင်ရောက်ရန် တားမြစ်ခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

Etomidate ထိန်းချုပ်ဆေးဝါးအားပါဝင်သော E-Vape အား လက်ဝယ်သိမ်းဆည်းရမိခဲ့သည့် မြန်မာဆယ်ကျော်သက်အမျိုးသမီးသည် စင်ကာပူနိုင်ငံတွင် E-Vape နှင့်စပ်လျဉ်း၍ ဥပဒေအသစ် အာဏာသက်ရောက်ပြီးနောက် ရေရှည်နေထိုင်ခွင့်ရုပ်သိမ်းခံရသည့် ပထမဆုံးနိုင်ငံခြားသားဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://www.cnb.gov.sg/singapore-drug-situation/drugs-and-inhalants/etomidate/
- https://www.channelnewsasia.com/topic/crime-0
- https://www.cnb.gov.sg/singapore-drug-situation/precursor-control/controlled-substances/annex-a/
- https://www.gov.sg/stopvaping-penalties/
- https://www.mha.gov.sg/docs/default-source/default-document-library/annex-a-summary-of-enhanced-penalties-against-e-vaporisers-etomidate-e-vaporisers.pdf?sfvrsn=eb898ceb_7

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၅ )    ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

